


# လူကလေးနဲ့ပုရွက်ဆိတ်



စီမံချက်ကန့်သတ်နယ်မြေအတွင်း အသုံးပြုရန်။



တကယ်တော့ လူကလေးနဲ့ တို့ပုရွက်ဆိတ်တွေဟာ သူငယ်ချင်းတွေပါ။



ဖျာ၊စားပွဲ၊ထိုင်ခုံ၊ပန်းကန်၊ဂေါ်ဖီထုပ်၊ထန်းလျက်၊ အဝတ်အစားတွေနဲ့


နေရာတိုင်းမှာ တို့ပုရွက်ဆိတ်တွေ ရှိကြတယ်။




ပုရွက်ဆိတ်တွေ တန်းစီလျှောက်တာကို လူကလေးသဘောကျတယ်။



ထမင်းလုံးလေးတွေ ရွေ့နေတာမြင်တော့ လူကလေးအံ့သြပြန်ရော။
ထမင်းလုံးသယ်နေတဲ့ပုရွက်ဆိတ်ကို လူကလေးက ကောင်းကောင်းမှ
မမြင်ရတာ။



လူကလေးကြိုက်တဲ့အစာတွေအားလုံး တို့ပုရွက်ဆိတ်တွေ ကြိုက်ကြတယ်။
အထူးသဖြင့် အချိုပါတဲ့အစားအစာတွေပေါ့။ ဒါကြောင့်စားပွဲပေါ်ဖိတ်ရင်
တို့ပုရွက်ဆိတ်တွေ ရောက်လာမှာပဲ။




ထိုင်ခုံပေါ်ဖိတ်လည်း တို့ပုရွက်ဆိတ်တွေရောက်လာမှာပဲ။




ဖိနပ်ပေါ်ဖိတ်ရင်လည်းတို့ပုရွက်ဆိတ်တွေရောက်လာမှာပဲ။




အိပ်ယာပေါ်ဖိတ်လည်းတို့ပုရွက်ဆိတ်တွေရောက်လာကြမှာပဲ။




တစ်ခါတစ်လေတို့ပုရွက်ဆိတ်တွေမလာအောင်လုပ်ကြတယ်။



ဒါပေမဲ့တို့ပြန်ရောက်လာကြမှာပဲ။




တကယ်တော့လူကလေးနဲ့ တို့ပုရွက်ဆိတ်တွေဟာ သူငယ်ချင်းတွေပါ။